သရက်တောကျေးရွာ

ဥတ္တရသီရိမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သရက်တောကျေးရွာ၊ ဥတ္တရသီရိမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

မာတိကာ

| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **သရက်တောကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ဥတ္တရသီရိမြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၀ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၂ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၄ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၅ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၃ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၉ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၁ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၃ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင်

လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


**ဩဂုတ်လ၊ ၂၀၁၈**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**သရက်တောကျေးရွာ**

**ဥတ္တရသီရိမြို့နယ်**

## သရက်တောကျေးရွာ သယံဇာတပြမြေပုံ၊ သထုံမြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

**သရက်တောကျေးရွာ**သည် ပြည်ထောင်စုနယ်မြေ၊နေပြည်တော်၊ဥတ္တရခရိုင်၊ ဥတ္တရသီရိ မြို့နယ်၏ သရက်တောကျေးရွာ အုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ တောင်လက်တွင် **ပိုးစာတော**ကျေးရွာ၊ မြောက်ဘက်တွင် တက်ရိုန်းကျေးရွာအုပ်စုနှင့် ကျေးရွာချင်း ဆက်လျှက် တည်ရှိနေပါသည်။ မြေပြန့်ဒေသတွင်တည်ရှိပြီး ဗမာလူမျိုးအများစု နေထိုင် ကြောင်း တွေ့ရှိ ရသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ အပူပိုင်းမုတ်သုံရာသီဥတုဖြစ်သည်။ စိုက်ပျိုးနိုင်သော မြေ ဧရိယာမှာ လယ်မြေ (**၆၅၇.၃၅**) ကေ၊ယာမြေ(**၄၆၂)ကေနှင့်** ဥယျာဉ်ခြံမြေ (၀.၅၀)ကေ စုစုပေါင်း **(၁၁၁၉.၈၅)** ကေ ရှိပါ သည်။ စပါးနှင့်ကြံကိုအဓိကစိုက်ပျိုးကြပြီး ဥယျာဉ်ခြံမြေတွင် သရက်ကိုစိုက်ပျိုးကြသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင် များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် လူမှုရေးအဖွဲ့ (၂၄ဦး)၊ သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စည်းရုံး လုပ်ဆောင်နေကြပါသည်။ စိုက်/ဘဏ်အဖွဲ့၊ သမဝါယမအဖွဲ့နှင့် မြစိမ်းရောင်သားငါးအဖွဲ့များမှာ ကျေးရွာ၏ ငွေကြေးဆိုင်ရာများကို ဆောင်ရွက်ကြပါသည်။

**ကျေးရွာရှိ အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့်သာ ချိတ်ဆက်၍ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ဆက်စပ်မှုမရှိဘဲသီးခြားဆောင်ရွက်ကြကြောင်း တွေ့ရှိရပါသည်။ အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်မှုအားကောင်း စေရန်အတွက် စွမ်းဆောင် ရည်မြှင့်တင် ရေး သင်တန်းများ ဖွင့်လှစ်ပေးရန်လိုအပ်ကြောင်း တွေ့ရှိရပါ သည်။**

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

**သရက်တောကျေးရွာတွင် ၂.၅ ကေအောက် ဆင်းရဲသားတောင်သူ** (၇၀) **အိမ်ထောင်စု၊ ၂.၅ ကေမှ ၅ ကေကြား တောင်သူငယ်** (၈၁) **အိမ်ထောင်စု၊ ၅ ကေမှ ၁၂.၅ ကေကြား တောင်သူလတ်** (၆၁) **အိမ်ထောင်စု၊ ၁၂.၅ ကေ အထက် တောင်သူကြီး** (၂)

**အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးနှင့် ကြံသီးနှံများကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင်နေကြပါသည်။**

**ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး ရေလုံလောက်မှု နည်းပါးပါသည်။ စပါး အထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၃၀) တင်းသာ ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် ထွန်စက်(၁)စီး၊ လက်တွန်းထွန်စက် (၆) စီးရှိပြီး၊ ရေစုပ်စက် (၈) လုံးနှင့် မြက်ရိတ်စက်(၁၀)လုံး ရှိပါသည်။ အဖွဲ့ပိုင် ခြွေလှေ့စက်များဖြင့်လည်း စုပေါင်းလုပ်ကိုင်နေကြပါသည်။**

**သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံ မျိုးစေ့များ ကိုလည်းမြို့နှင့် အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတစ်ဆင့် ရောင်းချနိုင်ကြပါသည်။**

**မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးအနည်းငယ် ကျရောက်ပါသည်။ ၄င်းအပြင် မိုးကြီးသည့်အခါတွင် စပါးခင်းများအား ရေလွှမ်းမိုးသောကြောင့် လယ်ယာမြေများပျက်စီး ကြောင်းတွေ့ရှိရသည်။**

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၁၃၅) အိမ်ရှိပြီး နွားကောင်ရေ (၂၅၅) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၃၉) စုမှ (၇၆) ကောင်၊ ဝက်မွေးမြူ ထားသည့် အိမ်ထောင်စု (၇၁) အိမ်မှ ဝက် (၉၂) ကောင်၊ကြက်မွေးမြူထားသည့် အိမ်ထောင်စု (၁၀၀) အိမ်မှ ကြက် (၂၆၅) ကောင်၊ ဘဲမွေးမြူသည့်အိမ်ထောင်စု (၂) အိမ်မှ ဘဲ (၁၄) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

**မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ ရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု နည်းပါးသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက် သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။**

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

**ကျေးရွာသည်** လယ်ယာသားငါး ထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်အသင့်အတင့်ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။**သုံးဘီးယာဉ်မောင်းခြင်း၊ လက်သမား၊ ပန်းရံ လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများနှင့် နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အား ရှားပါးပါသည်။** လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက် အသင့်အတင့် ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်သမားများသည် **စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်တွင် ပုံစံ (၇) ဖြင့် တစ်ဧကလျှင် (၁.၅) သိန်းနှုန်းဖြင့် (၁၀) ဧကအထိ အလွယ်တကူ ချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။**

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

**ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ကျေးရွာတွင် စက်ဘီး (၈၃) စီး၊ မော်တော်**

**ဆိုင်ကယ်(၂၅၄) စီး၊ ကား(၂)စီးနှင့် နွားလှည်း(၁၇၉)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။**

ကျေးရွာတွင် ကျေးရွာချင်းဆက်လမ်း(၁)လမ်း၊ ရွာတွင်းမြေသားလမ်း(၃) လမ်းရှိပြီး ကျေးရွာချင်းဆက်လမ်းမှာ ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်ရန် ကျေးလက်လမ်းဦးစီးဌာနမှ လျာထားပြီးဖြစ်ပါသည်။ ရွာတွင်းလမ်းများမှာ မိုးတွင်းကာလများတွင် မြေသားလမ်းများ ပေါ်သို့ ရေကျော်ပြီးဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။ **ကျေးရွာတွင် ကွန်ကရစ်တံတား(၁)စင်း၊ ရရှ၄၄၀၀ပြီး လွန်ခဲ့သော နှစ်များစွာက တည်ဆောက်ခဲ့ ခြင်းကြောင့် ပျက်စီးယိုယွင်းမှု အနည်းငယ်ရှိပြီး ပြုပြင်ရန် လိုအပ်နေပါသည်။**

## (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီး မရရှိသေးပါ။ လျှပ်စစ်မီးရရှိအောင်ဆိုလာ၊ ဒီဇယ်စသည်များ ကိုအသုံးပြုကြသည်။ကျေးရွာရှိအိမ်ထောင်စုများမှ ဆိုလာမီးအသုံးပြုသူ ၃၈၄ အိမ်၊ ဒီဇယ်အင်ဂျင်(၂၄)အိမ်ရှိပြီး ကျန် ၄၆ အိမ်မှာ ဓါတ်ခဲ၊ ဘတ္တရီအိုးနှင့် ဖယောင်းတိုင်မီးကို အသုံးပြုကြသည်။ ၂၀၁၈-၂၀၁၉ခုနှစ်တွင် လျှပ်စစ်မီးရရှိရေးအတွက် မြို့နယ်လျှပ်စစ်ရုံးမှ မီးလင်းရေးကော်မတီများ၊ မဟာဓါတ်အားလိုင်းသွယ်ယူရန် ဓါတ်တိုင်များနှင့် လမ်းမီးများကို စိုက်ထူပြီးဖြစ်ပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

**ဂေါ့တောရကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၃၁၁) လုံး၊ ရေဒီယို (၁၇၅) လုံး၊ တီဗွီ (၂၂၆) လုံး၊ ပြိုလ်တုစလောင်း (၃၃) လုံး စသည်တို့မှ ရရှိသည့်အပြင် အမ်ပီတီနှင့် တယ်လီနော ဖုန်းတာဝါတိုင်များလည်း ကျေးရွာတွင် ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။**

## ၆။ ပညာရေး

**ကျေးရွာတွင် အထက်တန်းကျောင်းရှိပြီး မူလတန်းတက်ရောက်သူ (၁၃၆)ဦး၊ အလယ်တန်းတက်ရောက်နေသူ(၁၃၉)ဦး၊ အထက်တန်းတက်ရောက်သူ(၇၇)ဦးနှင့် တက္ကသိုလ်/ ကောလိပ် တက် ရောက်နေသူ(၆၁)ဦးရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာသူ/သားများ အနေဖြင့် ပညာရေးတွင် အသင့်အတင့်ရှိပါသည်။**

**ကျေးရွာရှိမိသားစုများမှာ ပညာရေးအား အလေးထား အားပေးကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် ဘော်ဒါဆောင်များ၊ စာကျက်ဝိုင်းများရှိကြောင်း တွေ့ရှိရပါသည်။**

**ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၄၅.၁၂) ရာခိုင်နှုန်းအထိ များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၄.၈၆) ရာခိုင်နှုန်း၊ အထက်တန်း အဆင့် စာတတ်မြောက်သူများမှာ (၅.၆၃) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက် သူမှာ (၂.၂၉) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။**

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျှက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လာရောက်ထိုးနှံပေးခဲ့ပါသည်။ ကျေးရွာနှင့်(၀.၅)မိုင်ခန့်ဝေးသော ပိုးစာတောကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိသည်။** (၃၁)မိုင်ဝေးသော ဥတ္တရသီရိမြို့နယ်ဆေးရုံနှင့် ၃၂ မိုင်ဝေးသော နေပြည်တော်ကုတင် (၁၀၀၀) ဆေးရုံသို့ ကျေးရွာရှိ လူမှုကူညီရေးကားဖြင့် အချိန်မရွေး သွားကြရသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် တွင်းတိမ် (၂)တွင်းနှင့် လက်နှိပ်တုံကင် (၄၈)ခုရှိသည်။ ရေတွင်းများမှာ တစ်နှစ်ပါတ်လုံး ရေလုံလောက်သော်လည်း အရည်အသွေးကောင်းသော သောက်ရေသန့်ရရှိရန် လိုအပ်သည်။ ကျေးရွာတွင် အိမ်ထောင်စု ၄၅၄ အိမ်ရှိသော်လည်း ရေလောင်းယင်လုံအိမ်သာ ၁၉၁လုံး၊ တွင်းရှိအိမ်သာ(၂၂၀)လုံးရှိပြီး ကျန် ၃၅ အိမ်မှာ နီးစပ်ရာအိမ်ဝိုင်း အတွင်းရှိအိမ်သာများကိုအသုံးပြုကြကြောင်း တွေ့ရှိရသည်။

**၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

**သရက်တောကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသော်လည်း ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက ကျေးရွာရှိ အဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများမှ ကူညီထောက်ပံ့ပေးသောကြောင့် ထိခိုက်ခံစားရ နည်းသည်သည်။**

မိုးရာသီတွင် ငှက်ဖျားရောဂါ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။ တီဘီရောဂါ ဖြစ်ပွားသည့် လူနာ အနည်းငယ်သာ ရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ ဝက် တုပ်ကွေး ရောဂါများ ဖြစ်ပွားမှု အနည်း ငယ် ရှိပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အမျိုးသမီးများအနေဖြင့် ပညာသင်ကြားရာတွင် အမျိုးသားများ နှင့် တန်းတူ သင်ယူနိုင်သော်လည်း နေ့တွက်လုပ်အားခငွေများမှာ လုပ်အားအပေါ်အခြေခံ၍ အမျိုးသားများက ပိုမိုရရှိကြပါသည်။ အုပ်ချုပ်ရေးစနစ်တွင် အမျိုးသမီးများ ပါဝင်ခြင်းမရှိဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်မှုရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အမျိုးသမီးရေးရာအဖွဲ့ရှိပြီး အကြမ်းဖက်မှုနှင့် တရားမျှတမှုဆိုင်ရာ အသိအမြင်များလည်း အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုများမရှိကြောင်းလည်း တွေ့ရှိရပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - သရက်တော | | | ကျေးရွာအမည် - သရက်တော | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ရွာတွင်းလမ်းရိစာခင်းပြုပြင်ခြင်း | |
| ၂ | ကျန်းမာရေး | အခြေခံကျန်းမာရေး ဝန်ဆောင်မှု | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ချောင်းကူးတံတား တည်ဆောက်ခြင်း | |
| ၄ | ငွေကြေး | ရပ်ရွာအခြေပြု | မြစ်မ်းရောင်ချေးငွေစီမံကိန်း ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၅ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | လက်ရှိလူငယ်အဖွဲ့အား အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း။ | |
| ၆ | မွေးမြူရေးနှင့်ငါးလုပ်ငန်း _မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၇ | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။ | |

နောက်ဆက်တွဲ (၁)

## သရက်တောကျေးရွာအုပ်စု၊ သရက်တောကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | ပညာ အရည်အချင်း | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၁ | ဦးတင်အုန်း | ဦးညိုမြ | ၄တန်း | ၉/ပမန(နိုင်) ၁၆၂၂၀၈ | ၆၄ | ဥက္ကဋ္ဌ၊ ရန်ပုံငွေကြီးကြပ်မှု | ၀၉-၉၇၇၃၂၅၈၆၄ |
| ၂ | ဦးအောင်ကျော်ဖြိုး | ဦးဝင်းနိုင်ထွေး | ဒုတိယနှစ်(ဒဿနိက) | ၉/ဥတသ(နိုင်)၀၀၉၂၁၈ | ၂၃ | အတွင်းရေးမှူး | ၀၉-၉၆၃၂၆၃၃၁၉ |
| ၃ | ဒေါ်တင်တင်အေး | ဦးသိန်းအောင် | ၈တန်း | ၉/တကန(နိုင်)၁၂၉၈၄၁ | ၄၅ | စာရင်းကိုင် | ၀၉-၉၇၃၅၉၃၀၆၂ |
| ၄ | ဦးမြင့်သိန်း | ဦးဘမ်း | ၁၀တန်း | ၉/တကန(နိုင်)၀၅၀၉၆၆ | ၅၇ | ဘဏ္ဍာရေးမှူး | ၀၉-၂၅၃၈၉၉၁၇၂ |
| ၅ | ဦးတင်ခိုင်မိုး | ဦးသန်းကြီး | ၁၀တန်း | ၉/တကန(နိုင်) ၁၁၅၃၀၈ | ၅၁ | သော့ကိုင်(၁) | ၀၉-၂၅၀၂၉၂၈၉၀ |
| ၆ | ဒေါ်ကြည်ကြည်မြင့် | ဦးတင်မောင် | ၈တန်း | ၉/တကန(နိုင်) ၁၁၅၃၆၃ | ၄၆ | သော့ကိုင်(၂) | ၀၉-၇၉၇၇၁၃၆၉၄ |
| ၇ | ဦးဝင်းမူ | ဦးဆယ် | ၆တန်း | ၉/တကန(နိုင်) ၁၁၅၃၆၆ | ၄၆ | အဖွဲ့ဝင် | |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂၂ | ၁၆ | ၃၈ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၇ | ၄၃ | ၈၀ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၇၇ | ၆၆ | ၁၄၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၈၁ | ၈၀ | ၁၆၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၈၃ | ၇၁၄ | ၁၃၉၇ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၃၉ | ၅၉ | ၉၈ |
| **စုစုပေါင်း** | | **၉၃၉** | **၉၇၈** | **၁၉၁၇** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၄၅၄** | | |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။** အိမ်ထောင်စုပေါင်း(၄၅၄)စုရှိပြီး ကျား(၉၃၉)၊မ(၉၇၈)ဦးဖြင့် လူဦးရေပေါင်း(၁၉၁၇)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးခန့်ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာနေထိုင်ပြီး ဗုဒ္ဓဘာသာကိုသာအများဆုံး ကိုးကွယ်ကြသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း ၏(၁၃၉၇) ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင်စွမ်းဆောင်နိုင်သည်။ ၆၅နှစ်အထက် သက်ကြီးရွယ်ကြီး (၉၈)ဦးရှိ သဖြင့် ကျေးရွာသူ/သားများမှာ ကျန်းမာရေးကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

**(၂) သဘာဝရင်းမြစ်နှင့် ရာသီဥတု**

**(၂-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား** (၂) **ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိနိုင်မှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ/ချောင်း/မြစ်/စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၆၅၇.၃၅ | ကောင်း | ရ | မိုးရေ |

| | | | | |
|---|---|---|---|---|
| ယာမြေ | ၄၆၂ | ကောင်း | ရ | မိုးရေ |
| ဥယျာဉ်ခြံမြေ | ၀.၅ | ကောင်း | ရ | မိုးရေ |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| စုစုပေါင်း | ၁၁၁၉.၈၅ | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်မြေကေ(၆၅၇.၃၅)ကေ၌ မိုးရာသီတွင် စပါးကို စိုက်ပျိုးကြပြီး ကျန်ရာသီများတွင်မတ်ပဲ၊ ပဲတီစိမ်း စသည့် သီးနှံများအားစိုက်ပျိုးကြသည်။ ယာမြေများ တွင် ကြံသီးနှံကို စိုက်ပျိုးကြကြောင်းတွေ့ရှိရပါသည်။ ဥယျာဉ်ခြံမြေများတွင် သရက်၊ ပိန္နဲစသည့် သီးပင် စားပင်များ စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးရခြင်းကြောင့် စိုက်ပျိုးရေ မလုံလောက်ခြင်း၊ စိုက်ပျိုးစရိတ်လုံလောက်စွာမရရှိခြင်း၊ သီးနှံပိုးမွှားများကျရောက်ခြင်းနှင့် ဈေးကွက် မတည်ငြိမ်ခြင်းကြောင့် အကျိုးအမြတ်မှာ အသင့်အတင့်ရှိပါသည်။

### (၂-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးချနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန်(ဓါတ်ငွေ့/ရေနံ) | မရှိ | |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊သဲ)စသည် | ရှိ | ချောင်းအတွင်းမှသဲများထွက်ရှိပြီး အသုံးချလွယ်ပါသည်။ |
| အခြားသဘာဝအရင်းအမြစ်များ | | |
| တိရစ္ဆာန်မျိုးစိတ်များ | မရှိ | |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးချနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| အပင်မျိုးစိတ်များ (လူ့တိရိစ္ဆာန်တို့အတွက်အသုံးဝင်သော) | မရှိ | |
| ပျမ်းမျှအပူချိန်-၂၉ ℃ | ပျမ်းမျှမိုးရေချိန်-၂၆လက်မ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနံဘေးရှိ ချောင်းအတွင်းမှ သဲများထွက်ရှိပြီး အလွယ်အကူ အသုံးချနိုင်ပါသည်။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**

**ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | အဖွဲ့၏စွမ်းဆောင်ရည် အခြေနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | လူမှုရေးအဖွဲ့ | ၁☐ ၂√ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး√<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | (၂၄)ဦးခန့်ရှိပြီး ကျေးရွာရှိ သာရေး/နာရေးလုပ်ငန်းများ ဆောင်ရွက်၍ စွမ်းဆောင်ရည်မှာ ကောင်းမွန်ပါသည်။ |
| ၂ | စိုက်ဘဏ်အဖွဲ့ | ၁√ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး √<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်(၅)ဦးရှိပြီး စိုက်ပျိုးရေး လုပ်ငန်းအတွက် ချေးငွေများ ထုတ်ချေး၍ စွမ်းဆောင်ရည်မှာ အသင့်အတင့်သာရှိပါသည်။ |
| ၃ | သမဝါယမ အဖွဲ့ | ၁√ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး √<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်(၂၀)ဦးခန့်ရှိပြီး ကျေးရွာအတွက် ငွေစုငွေချေးလုပ်ငန်းများကို ဆောင်ရွက်၍ စွမ်းဆောင်ရည်မှာ အသင့်အတင့်ရှိပါသည်။ |
| ၄ | မြစိမ်းရောင် (မွေး/ကု) | ၁√ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး √<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်(၉)ဦးရှိပြီး မွေးမြူရေး လုပ်ငန်းအတွက် ချေးငွေများ ထုတ်ချေး၍ စွမ်းဆောင်ရည်မှာ အသင့်အတင့်သာရှိပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လူမှုရေးအဖွဲ့(၁)ဖွဲ့နှင့်ငွေစုငွေချေးအဖွဲ့(၃)ဖွဲ့ရှိပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့်သာ ချိတ်ဆက်၍ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ဆက်စပ်မှုမရှိဘဲသီးခြားဆောင်ရွက်ကြကြောင်းတွေ့ရှိရပါသည်။အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်မှုအားကောင်း စေရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပေးရန်လိုအပ်ကြောင်း တွေ့ရှိရပါ သည်။**

**(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

**(၄-၁) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၄၅ | ၁၅၀ | ၂၂၃ | ၃၆ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စု၏(၄၉.၁၂%) မှာ မပြေလည်သောအိမ်ထောင်စုနှင့် (၇.၉၃%)အလွန်မပြေလည်သောအိမ်ထောင်များဖြစ်ကြပြီး (၉.၉၁%)မှာ အဆင်ပြေ သောအဆင့်နှင့် (၃၃.၀၄%)မှာ အလယ်အလတ်အဆင့်အိမ်ထောင်စုများဖြစ်ကြပါသည်။ မပြေလည်သော အိမ်ထောင်စုများနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများအနေဖြင့် မြေယာပိုင်ဆိုင်မှုမရှိခြင်း၊ ဝင်ငွေရလုပ်ငန်း များလုပ်ကိုင်ရန် အတတ်ပညာများ တတ်မြောက်မှုနည်းပါးခြင်းနှင့် အရင်းအနှီးမရှိခြင်းတို့သည် အဓိကအခက်အခဲ များဖြစ်ကြသည်။**

**(၄-၂) သီးနှံထုတ်လုပ်ရေး**

**(၄-၂-၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၆) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၄၀ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၇၀ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၈၁ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၆၁ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၂ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၄၅၄ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်မြေယာပိုင်ဆိုင်သောအိမ်ထောင်စု(၂၁၄)စုသာရှိပြီး မြေယာပိုင်ဆိုင်မှု မရှိသော အိမ်ထောင်စုမှာ(၂၄၀)စုရှိပါသည်။ မြေယာမပိုင်ဆိုင်သော အိမ်ထောင်စုများမှာ ပန်းရံ၊ လက်သမား၊ ဈေးရောင်း၊ အစိုးရဝန်ထမ်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများ၌ကျပန်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြကြောင်း တွေ့ရှိရပါသည်။**

**(၄-၂-၂) အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစု ပေါင်း စိုက် ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုး သည့် ကာလ | | အကျိုးအမြတ်ရရှိမှု(နည်း/သင့်/များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်း ဆုံး | အများ ဆုံး | ပျမ်း မျှ | မှ | ထိ | |
| စပါး | ၆၅၇.၃၅ | တင်း | ၄၀ | ၇၀ | ၅၅ | ၆လ ပိုင်း | ၁၀လ ပိုင်း | သင့် |
| ကြံ | ၃၀၀ | တန် | ၂၀ | ၃၀ | ၂၅ | ၁လ ပိုင်း | ၁၁လ ပိုင်း | သင့် |
| မတ်ပဲ | ၁၀၀ | တင်း | ၁၀ | ၂၀ | ၁၅ | ၁၀လ ပိုင်း | ၁၂လ ပိုင်း | သင့် |
| ပဲတီစိမ်း | ၆၂ | တင်း | ၁၀ | ၂၀ | ၁၅ | ၁၀လ ပိုင်း | ၁၂လ ပိုင်း | သင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ဆန်စပါးကိုသာ အဓိကထားစိုက်ပျိုးပြီး အထွက်နှုန်းမှာ ပျမ်းမျှ(၅၅)ရှိကြောင်းတွေ့ရှိရပါသည်။ အခြားသီးနှံများဖြစ်သည့် ကြံ၊ မတ်ပဲ၊ ပဲတီစိမ်းစသည့် သီးနှံများ၏ အထွက်နှုန်းမှာလည်း ရာသီဥတုအလိုက် ပြောင်းလဲလျှက်ရှိပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးရခြင်းကြောင့် စိုက်ပျိုးရေမလုံလောက်ခြင်း၊ သီးနှံပိုးမွှားများကျရောက်ခြင်းနှင့် ဈေးကွက်မတည်ငြိမ်ခြင်းကြောင့် အကျိုးအမြတ်မှာ အသင့်အတင့်ရှိပါသည်။**

**(၄-၃) မွေးမြူရေးလုပ်ငန်း**

**ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၁၃၅ | ၂၅၅ |
| **နို့စားနွား** | | |
| **ကျွဲ** | ၃၉ | ၇၆ |
| **မြင်း** | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၁၇၁ | ၁၉၂ |
| ကြက် | ၁၅၀ | ၃၄၅ |
| ဘဲ | ၂ | ၁၄ |
| နွားနောက် | | |
| | | |
| ငါးကန် | | |
| ပုစွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။ လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်နွား(၂၅၅)ကောင်၊ ကျွဲ(၇၆)ကောင်၊ မြင်း(၂)ကောင်၊ ဝက်(၁၉၂)ကောင်၊ ကြက်(၃၄၅)ကောင်နှင့် ဘဲ(၁၄)ကောင်မွေးမြူထားကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးအား စိုက်ပျိုးရေး လုပ်ငန်းနှင့် တွဲဖက်၍တပိုင်တနိုင်လုပ်ကိုင်ကြပြီး တချို့အိမ်ထောင်စုများတွင် စီးပွားဖြစ်မွေးမြူကြောင်း တွေ့ရှိရပါ သည်။ မွေးမြူရေးလုပ်ငန်းအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ချေးငွေများရှိပြီး ဈေးကွက်လည်း ရှိကြောင်းတွေ့ရှိရပါသည်။ တိရိစ္ဆာန်ရောဂါများအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကြိုတင်ကာကွယ် ဆေးများဆောင်ရွက်ပေးကြောင်းတွေ့ရှိရပါသည်။**

### (၄-၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

**ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ**

| စဉ် | လုပ်ငန်းများ(ထုတ်ကုန်လုပ်ငန်း နှင့်ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း/ အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေးကျောက်ထုတ်လုပ် | | | | |

| | | | | | |
|---|---|---|---|---|---|
| | ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ဓါတ်ငွေ့နှင့်ရေပေးဝေးရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ပန်းရံလုပ်ငန်း | ၈၀ | ၁၀၀ | ၁၀၀ | လတ် |
| ၅ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၂ | ၂ | ၂ | လတ် |
| ၆ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူ) | ၅ | ၅ | ၅ | လတ် |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၃၃ | ၃၅ | ၃၅ | လတ် |
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၁၄ | ၁၄ | ၁၄ | လတ် |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၇ | ၉ | ၉ | လတ် |
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေးလုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | | | |
| | စုစုပေါင်းအသက်မွေးဝမ်းလုပ်ကိုင်သူဦးရေ- | ၁၆၅ | | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရ လုပ်ငန်းများလုပ်ကိုင်သူအုပ်စု၊လူငယ်အုပ်စု**

**မှတ်ချက်။** ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိပါ။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ(၁၆၅)ဦးမှာ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဆိုင်ကယ်ပြင်၊ စက်ချုပ်လုပ်ငန်း၊ ဈေးရောင်းခြင်း၊ ဆိုင်ကယ်/ကားကယ်ရီနှင့် ဝန်ထမ်းလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းပညာနှင့်ပတ်သက်၍ တက်မြောက်မှုအားနည်းသည့်အတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်နိုင်ပါက ကျေးရွာသူ/သားများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ပါသည်။

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

**(၅-၁) ဈေး**

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး**<br>(**အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်**) | **အကြီးစားဈေးကွက်**<br>(**အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်**) |
|---|---|---|
| **ဈေးအမည်** (မြို့/ ရွာ) | **တောင်ညိုဈေး** | **ပျဉ်းမနားဈေး** |
| **ရွာမှအကွာအဝေး** (**မိုင်**)<br>(**အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်**) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် √<br>၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၃၀ မိုင် √ ၃၀မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐ ၁၀၀မိုင် အထက် ☐ |
| **သယ်ယူပို့ဆောင်ရေး နည်းလမ်း** | ခြေလျင်√ စက်ဘီး√ ဆိုင်ကယ် √<br>ကား/ထော်လာဂျီ ☐ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် √<br>ကား/ထော်လာဂျီ √ ရထား ☐<br>သုံးဘီးဆိုင်ကယ် √ လှေ ☐<br>စက်လှေ ☐ |
